## Sixth Sunday in Ordinary Time (February 15, 2015)

**1st READING:** *Lv 13:1-2, 44-46*

ဝတ်ပြုရာကျမ်း။ ( ၁၃ း ၁ မှ ၂ နှင့် ၄၄ မှ ၄၆ အထိ )

ဘုရားသခင်သည်မိုးဇယ်နှင့်အာရုံတို့အားမိန့်တော်မူသည်မှာလူသည်မိမိအသားအရည်၌အဖုအထစ်သို့မဟုတ်အနူရောဂါကဲ့သို့သောအကွက်များပေါ်ခဲ့လျှင်ထိုသူကိုရဟန်းအာရုံသို့ဖြစ်စေရဟန်းတစ်ပါးပါးထံဖြစ်စေခေါ်ဆောင်သွားရမည်။သူသည်နူနာရောဂါစွဲ၍ရဟန်းသည်သူ့အားမစင်ကြယ်သောသူဟုလုံးဝဆုံးဖြတ်လျှင်သူသည်နူနာရောဂါဆွဲသည်ဟုသတ်မှတ်ရမည်။ ဤကဲ့သို့နူနာရောဂါဆွဲသောသူသည်စုတ်သောအဝတ်များကိုဝတ်၍ဆံပင်များဖားလျားချလျက်မုတ်ဆိတ်ကိုဖုံးအုပ်ပြီးလျှင်မစင်ကြယ်သောသူ၊မစင်ကြယ်သောသူဟုအော်ဟစ်ရမည်။နူနာရောဂါဖြင့်မစင်ကြယ်သောသူဖြစ်၍တစ်ဦးတည်းစခန်းအပြင်ဘက်၌နေရမည်။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

## Responsorial Psalm  Ps 32:1-2, 5, 11

ဆာလံ ၃၁၊

**သံပြိုင်။** ။ ကိုယ်တော်ရှင်သည်တပည့်တော်၏ခိုလှုံရာဖြစ်တော်မူ၍တပည့်တော်ကိုဘေးဒုက္ခမှကင်းလွတ်စေခြင်းငှါ ကာကွယ် စောင့်ရှောက်တော်မူ၏ ။

R. (7) **I turn to you, Lord, in time of trouble, and you fill me with the joy of salvation.**

၁။ အပြစ်များတို့သည်ဖုံးအုပ်ခြင်းခံရ၍ကျူးလွန်မှုများကိုအခွင့်ချမ်းသာရသောသူသည်မင်္ဂလာရှိ၏။ စိတ်နှလုံး၌ကောက်ကျစ်စဉ်းလဲမှုမရှိ။ သခင်ဘုရားကလည်းအပြစ်အခွင့်လွှတ်တော်မူသောသူသည် မင်္ဂလာရှိ၏။ **(သံပြိုင်)**

Blessed is he whose fault is taken away, whose sin is covered. Blessed the man to whom the LORD imputes not guilt, in whose spirit there is no guile.

၂။ ကိုယ်တော်အားကျွန်ုပ်ကျူးလွန်မိသောအပြစ်ကိုအသိအမှတ်ပြုပါ၏။ ကျွန်ုပ်၏အပြစ်ကိုကျွန်ုပ်ဝှက်မထားပါ။ ကျွန်ုပ်သည်ကျွန်ုပ်၏အပြစ်များကိုသခင်ဘုရားအားဝန်ချတောင်းပန်ပါမည်ဟုဆိုသော ကိုယ်တော်သည်လည်းကျွန်ုပ်၏အပြစ်မကောင်းမှုကိုအခွင့်လွှတ်တော်မူပေသည်။ **(သံပြိုင်)**

Then I acknowledged my sin to you, my guilt I covered not. I said, “I confess my faults to the LORD,” and you took away the guilt of my sin.

၃။ ဖြောင့်မတ်သောသူတို့သခင်ဘုရား၌ဝမ်းမြောက်ရွှင်လန်းကြလော့၊စိတ်နှလုံးဖြောင့်မတ်သောသူအပေါင်းတို့ ပျော်ရွှင် ကြလော့။ **(သံပြိုင်)**

Be glad in the LORD and rejoice, you just; exult, all you upright of heart.

**2nd READING:** *1 Cor 10: 31-11:1*

သံပေါလူး ကော်ရင်းသီမြို့ သားတို့ထံ ရေးသောစာ ဒုတိယစောင် ( ၁၀ း ၃၁ မှ - ၁၁း ၁ အထိ)

ညီအစ်ကိုတို့၊-

သင်တို့သည်စားကြသည်ဖြစ်စေ၊သောက်ကြသည်ဖြစ်စေ၊အခြားမည်သည့်ကိစ္စမျိုးကိုဆောင်ရွက်ကြသည်ဖြစ်စေ၊အရာခပ်သိမ်းတို့ကိုဘုရားသခင်၏ဘုန်းတော်ဂုဏ်တော်တိုးတက်ရန်သာပြုလုပ်ဆောင်ရွက်ကြကုန်၊ဂျူးလူမျိုးတို့နှင့်ဂရိတ်လူမျိုးတို့ကိုလည်းကောင်း၊ဘုရားသခင်၏အသင်းတော်ကိုလည်းကောင်း၊မပြစ်မှားကြလေနှင့်၊အများတို့ကယ်တင်ခြင်းချမ်းသာရစေခြင်းငှာကျွန်ုပ်သည်ကျွန်ုပ်၏အကျိုးကိုမငဲ့ကွက်ဘဲအများတို့၏အကျိုးကိုသာရှေ့ရှုလျက်အရာခပ်သိမ်းတို့၌လူအားလုံးတို့အားနှစ်သက်စေရန်ဆောင်ရွက်သကဲ့သို့သင်တို့သည်လည်းဆောင်ရွက်ကြလော့၊ကျွန်ုပ်သည်ခရစ်တော်သခင်ကိုအတုယူလိုက်ကျင့်သကဲ့သို့၊-သင်တို့သည်ကျွန်ုပ်ကိုအတုယူ၍လိုက်ကျင့်ကြလော့၊-

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

**GOSPEL:** *Mark 1:40-45*

သံမာရ်ကူးရေးထားသော သန့်ရှင်းသော ဧဝံဂေလိကျမ်း။ (၁ း ၄၀ မှ ၄၅ အထိ )

ထိုကာလ၌ နူနာစွဲသောလူတစ်ယောက်သည်အထံတော်သို့ လာ၍ဒူးထောက်သဖြင့်အရှင်အလိုတော်ရှိ ပါလျှင်ကျွန်တော့်ကိုသန့်ရှင်းစင်ကြယ်စေနိုင်တော်မူပါသည်ဟုလျှောက်တောင်းပန်လေ၏။ ယေရှုးမှ ကားသူ့ကိုသနားတော်မူ၍လက်တော်ကိုဆန့်တော်မူသဖြင့်သူ့ကိုတို့လျက်၊ငါအလိုရှိ၏၊စင်ကြယ်ခြင်းသို့ ရောက်လေ၏၊ကိုယ်တော်သည်လည်းသူ့ကိုကြပ်တည်းစွာခြိမ်းခြောက်၍မဆိုင်းမငံ့ဘဲနှင့်လွှတ်လိုက် သဖြင့်အဘယ်သူကိုမျှမပြောမည့်အကြောင်းသတိပြုလော့၊သို့ရာတွင်သွား၍သင့်ကိုယ်ကိုရဟန်းတို့၏ အကြီးအကဲကိုပြလော့။-သင်၏စင်ကြယ်ခြင်းအတွက်လည်းသူတို့အားသက်သေဖြစ်စေခြင်းငှာမိုးဇယ်စီ ရင်ထားခဲ့သောအရာများကိုပူဇော်လော့ဟုသူ့အားမိန့်တော်မူ၏။သူမူကားထွက်သွားပြီးနောက်ထိုအ ကြောင်းကိုကြော်ငြာစေ၍သတင်းလွှင့်သဖြင့်ကိုယ်တော်သည်ထင်ရှားစွာမြို့ထဲသို့မဝင်နိုင်ဘဲအပြင် တောအရပ်များ၌သာနေတော်မူသော်လည်းအရပ်ရပ်မှအထံတော်သို့စုရုံးလာကြကုန်၏။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။